

ဧပြီလ - ဇွန်လ ၂၀၂၄

# မြန်မာနိုင်ငံ၏ သတင်းသမားများနှင့် သတင်းမီဒီယာ လွတ်လပ်မှုအခြေအနေ

W W W . A T H A N M Y A N M A R . O R G

# မာတိကာ


| | |
|---|---|
| အစီရင်ခံစာ အနှစ်ချုပ် | ၁ |
| ဖမ်းဆီးခံရမှုများနှင့် ထိန်းသိမ်းခံရမှု | ၃ |
| ပြစ်မှုထင်ရှား စီရင်ခြင်းများနှင့် ထောင်ဒဏ်ချမှတ်မှုများ နှစ်လယ် အကျဉ်းချုပ် | ၃ |
| ထောင်မှ ပြန်လွတ်လာမှု အဖြစ်များ | ၅ |
| လွတ်မြောက်နယ်မြေအတွင်း သတင်းမီဒီယာ လမ်းညွှန်ချက် | ၆ |
| ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ | ၁၃ |
| ဘင်္ဂလားဒေ့ရှ်နှင့် ထိုင်းနိုင်ငံရောက် သတင်းသမားများ၏ အခက်အခဲများ | ၁၄ |
| သဘောထားများ | ၁၅ |

## အစီရင်ခံစာ အနှစ်ချုပ်

၂၀၂၄ ခုနှစ်၏ ဒုတိယသုံးလပတ်ကာလအတွင်း သတင်းသမားနှင့် သတင်းသမားဟောင်း သုံးဦး ဖမ်းဆီးခံရပြီး မြန်မာနိုင်ငံအဝန်းတွင်လည်း အာဏာသိမ်းစစ်တပ်နှင့် တော်လှန်ရေးအင်အားစုများအကြား တိုက်ပွဲများ ပြင်းထန်နေသည့်အတွက် နိုင်ငံ၏ ၈၀ ရာခိုင်နှုန်းအထက် ထိခိုက်ဆုံးရှုံးနစ်နာမှုများ ကြုံတွေ့လျက်ရှိသည်။

သတင်းမီဒီယာလွတ်လပ်ခွင့်အပေါ် အလွန်အကျွံစောင့်ကြပ်ဖိနှိပ်ခြင်းကို ၂၀၂၁ စစ်တပ်အာဏာသိမ်းချိန်မှ စတင်၍ တောက်လျှောက် ကြုံတွေ့လာရပြီး တိုင်းပြည်အတွင်း သတင်းအချက်အလက် စီးဆင်းမှုကို ပြင်းပြင်းထန်ထန် ကန့်သတ်လျက်ရှိနေသည်။

အဖမ်းခံရသည့် သတင်းထောက် ငါးဦး (၎င်းတို့ငါးဦးအနက် သတင်းသမားတဦးကို တရားစွဲဆိုအမိန့်ချမှတ်သည့် ဖြစ်ရပ်မှာ မတ်လအတွင်း ဖြစ်ပွားခဲ့သော်လည်း နောက်ပိုင်းကာလမှသာ သိရှိမှတ်တမ်းယူနိုင်ခဲ့သည်) ကို အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေ အပါအဝင်များစွာသော လုံခြုံရေးဆိုင်ရာ ဥပဒေများ အောက်တွင် အပြစ်ရှိကြောင်း ကြေညာချက် ထုတ်ခဲ့သည်။ ထိုအချက်သည် စစ်တပ်အာဏာသိမ်း အစောပိုင်းလများနှင့် ယှဉ်လျှင် လျော့နည်းသွားသည်ဆိုစေကာမူ ယခုနှစ်အတွင်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဟု (သူတို့ကို သူတို့ ခေါ်သည့် တရားဝင်မှုမရှိသည့် နာမည်) အာဏာသိမ်းစစ်တပ်မှ ထုတ်ပြန်ထားသည့် လုံခြုံရေးဆိုင်ရာ ဥပဒေအောက်တွင် နှစ်ရှည်ပြစ်ဒဏ် ချမှတ်ခံရမှု၏ သိသာမြင်သာသော အရေအတွက်များကို မီးမောင်းထိုးပြနေသည်။

Dawei Watch သတင်းဌာနမှာ သတင်းသမားတဦးဆိုလျှင် အကြမ်းဖက်မှု ဥပဒေပုဒ်မများဖြင့် အာဏာသိမ်းစစ်တပ်မှ ထိန်းချုပ်ထားသော တရားရုံးသုံးခုမှ တသက်တကျွန်း ပြစ်ဒဏ်စီရင်ချက် ချမှတ်ခံခဲ့ရသည်။

Development Media Group မှ သတင်းထောက်နှင့် ညစောင့်တို့အား အကြမ်းဖက်ဥပဒေဖြင့် ထောင်ဒဏ် ငါးနှစ် ချမှတ်လိုက်သည်။ The People’s Voice မှ သတင်းသမားကို သွေးထိုးလှုံ့ဆော်မှုဖြင့် ထောင်ဒဏ်သုံးနှစ်နှင့် Democratic Voice of Burma (DVB) သတင်းသမားတယောက်ကို အကြမ်းဖက် ဥပဒေဖြင့် ထောင်ဒဏ် လေးနှစ် ချမှတ်ခြင်း ခံခဲ့ရသည်။

ဧပြီလအတွင်း လွတ်မြောက်လာသူများ အနက်ထောင်ရက်စေ့၍ လွတ်မြောက်လာသည့် ဓာတ်ပုံသတင်းသမားတဦးပါဝင်သည်။ နောက်ထပ် သတင်းသမားသုံးဦးမှာ စစ်ကောင်စီ၏ မြန်မာနှစ်သစ်ကူးလွတ်ငြိမ်းချမ်းသာခွင့် ကြေညာချက်တွင်ပါဝင်ပြီ ထိုတလတည်းမှာပင် အတူလွတ်မြောက်လာခဲ့ကြသည်။

ကောက်ယူရရှိထားသော စာရင်းများအရ ဇွန်လ ၂၀၂၄ ထိ ၅၇ ဦးသော မြန်မာ့ သတင်းသမားများ သံတိုင်နောက်တွင် ကျန်ရှိနေကြသေးသည်။ ထိန်းသိမ်းခံရသူများတွင် ၉၁ ရာခိုင်နှုန်းမှာ အမျိုးသားများဖြစ်ပြီး ကျန် ၉ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြသည်။ ထိန်းသိမ်းခံရသော သတင်းသမားများမှ ၇၁ ရာခိုင်းနှုန်းမှာ သတင်းထောက် (သို့မဟုတ်) သတင်းဓာတ်ပုံရိုက်ကူးသူများဖြစ်ကြသည်။

မြန်မာ့ သတင်းသမား ဖိနှိပ်ခံရမှု၏ နောက်ဆုံးသတင်းအချက်အလက်တိုင်းတာခြင်းအရ အာဏာသိမ်းစစ်တပ်အုပ်ချုပ်မှုအောက်တွင် အာဏာစသိမ်းချိန်မှ စ၍ စုစုပေါင်း သတင်းသမားနှင့် သတင်းလုပ်သား ၂၁၃ ယောက် အဖမ်းခံခဲ့ရပြီး ၇၅ ယောက်မှာ စီရင်ချင်ချခံခဲ့ရကာ ၁၅၇ ယောက်မှာ ပြန်လည် လွတ်မြောက်ခဲ့သည်။

အာဏာသိမ်းစစ်တပ်၏ သတင်းမီဒီယာအပေါ် မတရားဖိနှိပ်မှုအပြင် လက်နက်ကိုင် ပဋိပက္ခ ပြင်းထန်ပြန့်နှံ့လာမှုကလည်း သတင်းပတ်ဝန်းကျင်ကို မတူညီသော သက်ရောက်မှု ဖြစ်စေသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ မြေပြင်တွင် ထိန်းချုပ်ထားနိုင်လာသည်နှင့်အမျှ ၎င်းတို့၏ အုပ်ချုပ်ရေး အဖွဲ့အစည်းများမှ ပေါ်လစီများ ချမှတ်ထားကြပြီး ထိုပေါ်လစီများမှာ ၎င်းတို့ အုပ်ချုပ်သောဒေသတွင် သတင်းတင်ဆက်မှုကို သက်ရောက်မှု ရှိကြသည်။

ယခုကဲ့သို့ ဒေသခံ အဖွဲ့အစည်း ၂ ခုမှ ၎င်းတို့ ဒေသတွင် သတင်းသမားများ လုပ်ငန်းစဉ်အပေါ် သက်ရောက်မှုရှိစေသော လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်းသည် သတင်းမီဒီယာ လွတ်လပ်စွာ ဖော်ပြခွင့်ကို လုပ်ဆောင်နေနိုင်သော အဝန်းအဝိုင်း ကျဉ်းမြောင်းစေမည်ကို သတင်းသမားများစိုးရိမ်ပူပန်နေကြသည်။ မြန်မာသတင်းသမားများက အာဏာသိမ်းပြီးနောက်ပိုင်းမှစပြီး ယခုချိန်ထိ ထို တိုင်းရင်းသားဒေသများတွင် သတင်းရယူနေနိုင်သေးကြောင်း ပြောသည်။.

ဧပြီလတွင် အရှေ့ပိုင်းဒေသ ယာယီအုပ်ချုပ်ရေး အစိုးရ အဖွဲ့အစည်း၏ အစိတ်အပိုင်းအဖြစ် ဖော်ပြထားသော ကရင်နီဒေသ ကြားကာလ အုပ်ချုပ်ရေးကောင်စီမှ ၎င်းတို့ ဒေသတွင် သတင်းရယူသော သတင်းသမားများလိုက်နာရန် မီဒီယာကျင့်ဝတ်ဆိုင်ရာ ညွှန်ကြားချက် ၈ ချက်ကို ထုတ်ပြန်ခဲ့သည်။ ထိုလထဲမှာပင် ကရင်အမျိုးသား အဖွဲ့အစည်း (Karen National Union – KNU) မှ ဆင့်တူသော လမ်းညွှန်ချက်များကို ထုတ်ပြန်ပြီး သတင်းသမားများ မှတ်ပုံတင်ရန်နှင့် လုံခြုံရေးအတွက် အထောက်အထားပြရန် လိုအပ်ချက်ပါဝင်သည်။

စစ်တပ်အာဏာသိမ်းမှုနောက်ပိုင်းတွင် မြန်မာသတင်းသမားအစုအဖွဲ့နှစ်ခုသည် ဘက်မလိုက်သော မြန်မာသတင်းစာ ကောင်စီ(IPCM) နှင့် ဘက်မလိုက်သော မြန်မာဂျာနယ်လစ် အသင်းကို ဖွဲ့စည်းခဲ့ကြသည်။ ထိုအစုအဖွဲ့နှစ်ခုသည် သတင်းသမားများ၏ ဘေးကင်းလုံခြုံရေးနှင့် တာဝန်ယူမှု/ တာဝန်ခံမှုရှိရေးကို ဦးစားပေးလုပ်ကိုင်နေချိန်တွင် (တိုင်းရင်းသားအဖွဲ့အစည်း ၂ ခု၏) မီဒီယာလမ်းညွှန်ချက်များသည် သတင်းမီဒီယာလွတ်လပ်ခွင့်ကို ထိခိုက်နိုင်ပြီး သတင်းသမားများ၏ ထိရောက်စွာ သတင်းတင်ဆက်နိုင်မှုကို အဟန့်အတားပြုနေသည်လို့ ဆိုပါသည်။

မေလ ၃ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ရေးနေ့တွင် IPCM သည် နောက်ပိုင်းတွင် တနိုင်ငံလုံးမှ သတင်းသမားများနှင့် ဆက်လက်ဆွေးနွေးရမည့် မြန်မာသတင်းသမားများလိုက်နာရမည့် ကျင့်ဝတ်များကို ထုတ်ပြန်ခဲ့သည်။

လက်ရှိအချိန်တွင် ရခိုင်ပြည်အနောက်ပိုင်း ပဋိပက္ခကြောင့် နေရာရွှေ့ပြောင်းရသော တချို့ မြန်မာ့သတင်းသမားများသည် သူတို့၏ သက်သေခံအထောက်အထားများနှင့် ထောက်ခံစာများကို ဘင်္ဂလားဒစ်ရှ်အစိုးရတာဝန်ရှိသူများက တောင်းခံကြကြောင်းဆိုသည်။ ပြည်ပရောက် သတင်းသမားများသည် ထိုင်းနိုင်ငံ (အထူးသဖြင့် သူတို့ အများစု အခြေစိုက်ရာ မဲဆောက်နှင့် ချင်းမိုင်)တွင် ဘေးကင်းလုံခြုံရေး၊ စားဝတ်နေရေး စတဲ့ အခက်အခဲများစွာနှင့် ဆက်လက်နေထိုင်နေကြရပါသည်။ ရံပုံငွေထောက်ပံ့ရေးအဖွဲ့ဖြစ် (Donor) များထံမှ အထောက်အပံ့များလျော့နည်းလာသော အခြေအနေနှင့် ဈေးကွက်အခြေပြု အမြတ်ငွေရရှိရန်ခက်ခဲမှုအခြေနေတွင် တချို့ပြည်ပရောက် မီဒီယာသတင်းဌာနများသည် အကြီးတန်းစီမံရေး ဝန်ထမ်းများအပါအဝင် ဝန်ထမ်းလစာများကို ၂၀ % ထိ လျှော့ချနေရသည်။

## ဖမ်းဆီးခံရမှုများနှင့် ထိန်းသိမ်းခံရမှု

Southern Myanmar News ၏ အယ်ဒီတာချုပ်ဟောင်း နေမင်း (ခေါ်) မျိုးအောင်သည် ဧပြီလ ၁၀ရက်နေ့တွင် မော်လမြိုင်မြို့တွင် ဖမ်းဆီးခံခဲ့ရသည်။ သူသည် မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်း ဖြစ်ပွားသည့် ထိတွေ့တိုက်ပွဲများကြောင့် စစ်ရှောင်ရသော အရပ်သားများကို အစားအစာနှင့် တခြားအသုံးအဆောင်များကို ကူညီပေးသော အဖွဲ့ကို ဦးဆောင်သူ မွန်ပြည်နယ် လွှတ်တော် ဒုတိယ ဥက္ကဌ ဒေါက်တာ အောင်နိုင်ဦးနှင့်အတူ ဦးဆောင်နေခဲ့သူများထဲတွင် တဦးအပါအဝင်ဖြစ်သည်။ မျိုးအောင် အဖမ်းခံမှုကို ယခင်က သတင်းရေးသားမှုများ မတွေ့ရှိခဲ့ရပါ။

Myanmar Now သတင်းဌာန၏ တင်ဆက်မှုအရ အာဏာသိမ်းအုပ်စု အင်အားစုများက ဒေါက်တာအောင်နိုင်ဦးကို တော်လှန်ရေးအင်အားစုများကို ထောက်ပံ့စွပ်စွဲကာ သူနှင့်သူ့အဖွဲ့သားများကို ဖမ်းဆီးခဲ့သည်။ (မျိုးအောင် အပါအဝင်) သူတို့ကို မော်လမြိုင် ရဲစခန်းတွင် ငါးရက်တာ ထိန်းသိမ်းထားခဲ့ပြီးနောက် ပြန်လွှတ်ပေးခဲ့သည်။

မေလတွင် နိုင်ငံတကာသတင်းဌာနတခုအတွက် အလုပ်, လုပ်သော သတင်းသမားတယောက်ကို ရန်ကုန်မြို့တွင် ဖမ်းဆီးခဲ့သည်။ သတင်းရင်းမြစ်များက သူ့ကို ဖမ်းရသည့် အကြောင်းရင်းခံကို မသိသော်လည်း သတင်းတပတ်မပြည့်သေးမီ ပြန်လွှတ်ခဲ့သည်ဆိုသော သတင်းကို အတည်ပြုသည်။ ထို သတင်းသမားမှာ ဘယ်သူဘယ်ဝါ ဖြစ်သည်၊ သူ၏ နောက်ကြောင်းရာဇဝင်နှင့် တခြားသော အသေးစိတ် အချက်အလက်များကို လုံခြုံရေးအရ ထိလွယ်ရှလွယ်သော အခြေအနေဖြစ်သည့်အတွက် လူသိထင်ရှား ထုတ်ပြန်ခြင်း မပြုပါ။

Narinjara and Border News Agency ၏ သတင်းထောက်ဟောင်း မြတ်ဟိန်းထွန်းကို ရခိုင်အမျိုးသားပါတီ၏ လူငယ်ခေါင်းဆောင် တယောက်နှင့်အတူ ရန်ကုန်၊ လှိုင်မြို့နယ်၌ မေလ ၃၁ရက်နေ့တွင် ဖမ်းဆီးခဲ့ပါသည်။ လှိုင်မြို့နယ်သည် အရပ်သား ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် တရားသူကြီးများ ထိန်းချုပ်ထားသည် မဟုတ်ဘဲ စစ်တပ်လုံးဝ ထိန်းချုပ်ရာ စစ်အုပ်ချုပ်ရေးအမိန့် (မာရှယ်လော) အသက်ဝင်ရာ ၆၁ မြို့နယ်အတွင်းတွင် အပါအဝင်ဖြစ်သည်။ ထို့ကြောင့် မြတ်ဟိန်းထွန်း၏ အမှုကို ရန်ကုန်မှာ စစ်ကြောရေးပြီးသည်နှင့် စစ်ခုံရုံးကို တခါတည်း ပို့ခဲ့ကြသည်။

## ပြစ်မှုထင်ရှား စီရင်ခြင်းများနှင့် ထောင်ဒဏ်ချမှတ်မှုများ နှစ်လယ် အကျဉ်းချုပ်

Dawei Watch သတင်းဌာန သတင်းထောက် မျိုးမြင့်ဦးကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ည)၊ ၅၂(က)၊ ၅၂(ခ) ဖြင့် ပြစ်ဒဏ်စွဲဆိုပြီး ထောင်ဒဏ်တသက်တကျွန်း ချမှတ်ခဲ့သည်။ သူသည် သူ့လုပ်ဖော်ကိုင်ဖက် သတင်းထောက် အောင်ဆန်းဦးနှင့်အတူ ၂၀၂၃၊ ဒီဇင်ဘာ ၁၁ ရက်နေ့တွင် တနင်္သာရီတိုင်း၊ မြိတ်မြို့ သူတို့၏ နေအိမ်များတွင် အဖမ်းဆီးခံခဲ့ရသည်။ အောင်ဆန်းဦးကိုလည်း ယခုနှစ် ဖေဖော်ဝါရီတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့်ပင် ထောင်ဒဏ် နှစ် ၂၀ ချမှတ်ခဲ့သည်။

ယခုသုံးလတာအတောအတွင်း Development Media Group (DMG) သတင်းဌာန၏ ဝန်ထမ်းနှစ်ဦးလည်း ပြစ်ဒဏ်စီရင်ချမှတ်ခြင်းခံခဲ့ရသည်။ သတင်းထောက် ထက်အောင်နှင့် ညစောင့် စိုးဝင်းအောင်တို့ ဖမ်းဆီးခံရပြီး ၂၀၂၄ ဇွန်လ ၂၈ ရက်နေ့တွင် အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေ ၅၂ (က) နှင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ငါးနှစ်ချမှတ်ခံခဲ့ရသည်။ ထက်အောင်သည် ၂၀၂၃ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ဆွမ်းတော်ကြီးလောင်းပွဲ သတင်းယူနေချိန်တွင် ဖမ်းဆီးခဲ့ရခြင်းဖြစ်ပြီး တရက်တည်း၌ပင် DMG ရုံးကို ဝင်စီးချိန်တွင် စိုးဝင်းအောင် ဖမ်းဆီးခံခဲ့ရသည်။

အမှတ် (၁) ရဲစခန်းတွင် ထိန်းသိမ်းခံရစဉ် သူတို့၏ မိသားစုဝင်များသည် ညှော်တွေ့ခွင့် အခွင့်အရေးများ ဆုံးရှုံးခဲ့သည်။ သူတို့ကို စစ်ကြောရေးတွင် အနည်းဆုံး နှစ်ကြိမ်တိုင် ပို့ဆောင်ခဲ့ပြီး စစ်တွေအကျဉ်းထောင်သို့ မပို့ဆောင်မီ ဆက်သွယ်ရေးဥပဒေ ၆၅ နှင့် ရမန်ယူခဲ့သည်။ နောက်ပိုင်းတွင် မော်တော်ဆိုင်ကယ် ခိုးယူသည်ဆိုသော လုပ်ကြံစွဲဆိုချက်နှင့် တပတ်ထပ်မံ ထိန်းသိမ်းထားခဲ့သည်။ ဒီဇင်ဘာ ၂၃ ရက်နေ့တွင်မူ စစ်အုပ်စုသည် "ရခိုင်ပြည်နယ်တွင် မူစလင်များအပေါ် လူမျိုးတုန်း သတ်ဖြတ်မှု ဆဋ္ဌမမြောက် နှစ်ပတ်လည်နေ့တွင် တရားမျှတမှု တောင်းဆိုချက်များ"ဆိုသော [ဩဂုတ်လ ၂၀၂၃]() နေ့တွင် ရေးသားထုတ်ပြန်ခဲ့သည့် DMG သတင်းတင်ဆက်မှုကို ကိုးကားပြီး အကြမ်းဖက်တိုက်ဖြတ်ရေး ဥပဒေပုဒ်မ ၅၂ (က)နှင့် အမှုပြောင်းလဲစွဲဆိုခဲ့သည်။

တခြားသော DMG သတင်းသမားများ၊ အယ်ဒီတာများ၊ ဝန်ထမ်း ၁၈ ဦးသည်လည်း ထိုအကြမ်းဖက်ဥပဒေနှင့် ပင် အမှု ရင်ဆိုင်နေရပြီး လက်ရှိတွင် ရှောင်တိမ်းနေရသည်။

၂၀၂၃ နိုဝင်ဘာတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ဖမ်းဆီးရချိန်ကတည်းက ထောင်နံရံနောက်တွင် ရှိနေသော The People's Voice မှ သတင်းသမား သူရအောင်ကို (ဒီနှစ်) မေလတွင် ပြစ်မှုဆိုင်ရာ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က နှင့် ထောင်ဒဏ်သုံးနှစ် ချမှတ်ခဲ့သည်။

၂၀၂၃ အောက်တိုဘာ ၂၂ တွင် စစ်ကိုင်းတိုင်း၊ မုံရွာမြို့၌ ဖမ်းဆီးခံရသော DVB သတင်းသမားဟောင်း ရန်နိုင်စိုးကို (ဒီနှစ်) မေလတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးပုဒ်မ ၅၂ (ခ) နှင့် ထောင်ဒဏ်လေးနှစ် ချမှတ်ခဲ့သည်။ သူ့အမှုအကြောင်းကို ၂၀၂၄ ဇွန်လထိ သတင်းဖော်ပြရေးသားမှုများမတွေ့ရပေ။

## ထောင်ဒဏ်ကျခံရသော သတင်းသမားများ - ဇန်နဝါရီ မှ ဇွန်လ ၂၀၂၄

| ကျခံရသော သက်တမ်း | ကျခံရသော သတင်းသမား အရေအတွက် |
|---|---|
| ၀-၃ နှစ် | ၁ |
| ၄-၁၀ နှစ် | ၃ |
| ၁၁-၁၅ နှစ် | - |
| ၁၅-၂၀ နှစ် | ၁ |
| တသက်တကျွန်း | ၂ |

*အထက်ဖော်ပြပါ ဇယားသည် ယခုနှစ် ဇွန်လထိ မြန်မာသတင်းသမားများ ချမှတ်ခံရသော ပြစ်ဒဏ် ချမှတ်ခံရမှုကို ဖော်ပြသည်။*

သတင်းသမားအများစုသည် စစ်တပ်အာဏာသိမ်းမှုနောက်ပိုင်း ထောင်ဒဏ်သုံးနှစ်ထိ ကျခံရနိုင်သော ပြစ်မှုဆိုင်ရာ ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅ (က)နှင့် အဖမ်းခံရသည်။ လက်တလော ပြစ်ဒဏ်ချမှတ်ခံရမှုများတွင် နှစ်ရှည်ထောင်ဒဏ်ကျသင့်ခံနိုင်သော အကြမ်းဖက် တိုက်ဖျက်ရေး ဥပဒေပုဒ်မကဲ့သို့သော စွဲဆိုမှုများလည်း ပါဝင်သည်။ ယခု အစီရင်ခံစာတွင် တင်ပြထားသော ပြစ်ဒဏ်ခံရမှု ငါးခုအနက် လေးခုသည် အကြမ်းဖက် တိုက်ဖျက်ရေး ဥပဒေပုဒ်မနှင့် စွဲဆိုခံရခြင်းဖြစ်သည်။

ယခုနှစ်ဇန်နဝါရီလ အစောပိုင်းကာလတွင် အလွတ်တန်း ရုပ်ရှင်ရိုက်ကူးသူ ရှင်ဒေဝီကို အကြမ်းဖက်ဥပဒေပုဒ်မနှင့် ထောင်ဒဏ်တသက်တကျွန်းချမှတ်ခဲ့သည်။ သူမသည် ၂၀၂၁ စစ်တပ်အာဏာသိမ်းပြီးနောက် ပထမဆုံး တသက်တကျွန်းချမှတ်ခံရသည့် အမျိုးသမီး သတင်းသမားနှင့် ရုပ်ရှင်ရိုက်ကူးသူဖြစ်သည်။

သတင်းသမားများသည် ၂၀၂၁ အာဏာသိမ်းပြီးနောက် ၎င်းတို့၏ တရားစီရင်ရေးအောက်တွင် စစ်အုပ်စုမှ ပြောင်းလဲပြင်ဆင်ခဲ့သော လုံခြုံရေးဆိုင်ရာ စွဲဆိုချက်များကို ချိုးဖောက်သည်ဆိုကာ ထောင်ဒဏ် စီရင်ချက်များကို ပေါင်းစပ်ကျခံကြရခြင်းဖြစ်သည်။ စောင့်ကြည့် မှတ်တမ်းပြုထားသော သတင်းအချက်အလက်များ အဆိုအရ ဒီနှစ်ဝက်အတွင်း ပြစ်ဒဏ်ချခံရသော သတင်းသမားသုံးဦးသည် ၄နှစ်မှ ၁၀ နှစ်အတွင်း ပေါင်းစပ် ပြစ်ဒဏ်ချခံရသည်။တဦးဆိုလျှင် ၁၅နှစ်မှ နှစ်၂၀ ထိ ချခံရပြီး နောက်နှစ်ဦးသည် ထောင်ဒဏ်တသက်တကျွန်းထိ ကျခံခဲ့ရသည်။

စစ်အုပ်စုထောက်ခံသူ၊ စစ်အုပ်စု ကျောထောက်နောက်ခံပြုသူ သတင်းသမားတချို့ စစ်တပ်အာဏာသိမ်းပြီးနောက် ဖမ်းဆီးခံရခြင်းများရှိသော်လည်း ပုံမှန်အားဖြင့် ရက်အနည်းငယ် ထိန်းသိမ်းခံရပြီးနောက် ကြီးလေးသော ပြစ်ဒဏ်ခံရသည်မရှိဘဲ ပြန်လည်လွတ်မြောက်လာကြသည်။

## ထောင်မှ ပြန်လွတ်လာမှု အဖြစ်များ

ခါတ်ပုံသတင်းထောက်တဦးနှင့် သတင်းသမား သုံးဦးသည် ဒုတိယ သုံးလပတ်တွင် ပြန်လွတ်လာခဲ့သည်။

ဧရာဝတီ သတင်းဌာနမှ ဓါတ်ပုံသတင်းထောက် ဇော်ဇော် (ဇော်ဇော်အောင်) သည် မန္တလေး အကျဉ်းထောင်တွင် ပြစ်ဒဏ် ၃ နှစ်ကျခံပြီးနောက် ဧပြီလ ၁ ရက်နေ့တွင် လွတ်မြောက်လာခဲ့သည်။ သူ့အား ၂၀၂၂ ဧပြီလတွင် ဖမ်းချုပ်ခဲ့ပြီး လအတော်ကြာမှ ထိုနှစ်၏ ဩဂုတ်လတွင် ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅(က) ဖြင့် စွဲချက်တင်ပြီး ပြစ်ဒဏ်ချခဲ့ခြင်းဖြစ်သည်။

ဧပြီလ မြန်မာ့နှစ်သစ်ကူးအချိန်တွင် အကျဉ်းကျသူများထဲမှ သတင်းသမား သုံးဦးကို စစ်ကောင်စီမှ လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့သည်။ Red Hat သတင်းဌာနမှ သတင်းထောက် တဦးဖြစ်သော ထက်အောင်ရှိုင်းနှင့် ၊ Assistance Association for Myanmar-based Independent Journalists (AAMIJ) မှ သတင်းထောက်နှစ်ဦးဖြစ်သော မြတ်ကိုဦးနှင့် ပိုင်ဖြိုးသူတို့ကို ဧပြီလ ၁၇ ရက်နေ့တွင် လွှတ်ပေးခဲ့သည်။ ထက်အောင်ရှိုင်းကို အောက်တိုဘာလ ၂၈ ရက် ၂၀၂၂ တွင် ဖမ်းဆီးခဲ့ပြီး၊ AAMIJ သတင်းထောက်နှစ်ဦးကို စက်တင်ဘာလ ၁၃ ရက် ၂၀၂၂ တွင် ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅(က) ဖြင့် ရမာန်ယူပြီး ထောင်ဒဏ်ချမှတ်ခဲ့သည်။

## ထောင်မှ ပြန်လွတ်လာမှု အဖြစ်များ

| | ၂၀၂၄ ဧပြီ မှ ဇွန်လ | ၂၀၂၄ | ၂၀၂၁ စစ်အာဏာသိမ်း ချိန်မှ မတ် ၂၀၂၄ ထိ | | |
|---|---|---|---|---|---|
| သတင်းထောက် နှင့် သတင်း လုပ်သား | | | စုစုပေါင်း | အမျိုးသမီး | အမျိုးသား |
| ဖမ်းစီးခံရမှု | ၃ | ၃ | ၂၀၃ | ၂၈ | ၁၈၅ |
| ထိန်းသိမ်း ခံရခြင်း/ အချုပ်ကျခြင်း | ၃ | ၄ | ၅၇* | ၄ | ၅၃ |
| ပြန်လည် လွတ်မြောက် | ၅ | ၇ | ၁၅၇ | ၂၃ | ၁၃၄ |
| သေဆုံး | - | ၁ | ၇ | - | ၇ |
| ပြစ်ဒဏ်ချခံရမှု | ၅ | ၈ | ၇၅ | ၁၃ | ၆၂ |
| | | | | | |
| သတင်းနှင့် တခြားလိုင်စင် | | | | | |
| သတင်းလိုင်စင် ဖျက်သိမ်းခံရ ခြင် | - | - | ၁၅ | | |
| ပုံနှိပ် ထုတ်ဝေ ခွင့် ပိတ်ပင်ခံရ ခြင်း | ၂ | ၂ | ၁၁ | | |

*ယခုအရေအတွက်က ၂၀၂၃ နှစ်ကုန်မှာ အဖမ်းခံရပြီး ၂၀၂၄ မှ စာရင်းရရှိသူ သတင်းသမားတဦးကိုပါ ထည့်တွက်ထားသည်။*

## လွတ်မြောက်နယ်မြေအတွင်း သတင်းမီဒီယာ လမ်းညွှန်ချက်

စစ်အာဏာသိမ်းပြီးနောက်တွင် ကရင်နီနှင့် ကရင်ဒေသအပါအဝင် တိုင်းရင်းသား အဖွဲ့အစည်းတွေက သတင်းသမား၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ၊ လူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်နေသူ၊Civil Disobedience Movement တွင် ပါဝင်သူများနှင့် စစ်ကောင်စီ၏ ဖမ်းဝရမ်းထုတ်ခံရသူများကို ခိုလှုံခွင့်နှင့် ဖော်ရွေသော ပတ်ဝန်းကျင် ပံ့ပိုးပေးခဲ့သည်။ ထို စစ်ကောင်စီကို ဆန့်ကျင်သောဒေသများတွင် သတင်းထောက်နှင့် သတင်းလုပ်သားများအတွက် သတင်းလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရန် လုံခြုံမှုနှင့် ပံ့ပိုးမှုအတိုင်းအတာ တခုထိရရှိနေခဲ့သည်။

တချိန်တည်းမှာပင် တိုင်းရင်းသားနှင့် တခြားအတိုက်အခံအဖွဲ့အစည်းများနှင့် စစ်ကောင်စီတို့ကြား လက်နက်ကိုင် ပဋိပက္ခ မြန်မာနိုင်ငံအနှံ့ ပြန့်နှံ့လာခြင်းက လွတ်မြောက်နယ်မြေဒေသတွေအတွင်း သတင်းသမားများ လုပ်ငန်း ပတ်ဝန်းကျင်ကို သက်ရောက်မှုများ ရှိလာခဲ့သည်။

၂၀၂၄ ဒုတိယ သုံးလပတ် အတွင်းတွင် တိုင်းရင်းသားအဖွဲ့ အစည်း နှစ်ခု၏ ဒေသခံတာဝန်ရှိသူများမှ ၎င်းတို့ ဒေသအတွင်း လှုပ်ရှားနေသော သတင်းသမားများအတွက် သတင်းမီဒီယာ လမ်းညွှန်ချက်ထုတ်ပြန်ခဲ့သည်။

တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော သတင်းတင်ဆက်မှုဖြစ်စေရန် သတင်းထုတ်ပြန်ခြင်းနှင့် ပတ်သက်၍ လိုက်နာရန် လမ်းညွှန်ကို ကရင်နီဒေသ ကြားကာလ စီမံအုပ်ချုပ်ရေး ကောင်စီ (IEC) က သတင်းမီဒီယာ တာဝန်ကို ဧပြီ ၁၆ ရက်နေ့တွင် ပထမဆုံးထုတ်ပြန်ခဲ့သည်။ ဧပြီ ၂၁ ရက်နေ့တွင် ကရင် အမျိုးသားအစည်းအရုံး ၏ လူထုဆက်ဆံရေးနှင့် သတင်းအချက်အလက် ကော်မတီသည် မီဒီယာများအတွက် သတင်းထုတ်ပြန်ခြင်းနှင့် ပတ်သတ်၍ လိုက်နာရန် လမ်းညွှန်ချက်ကို ထုတ်ပြန်ခဲ့သည်။ အလားတူပင် ကရင်အမျိုးသားအစည်းအရုံး သည် ပိုမို တင်းကြပ်သော စည်းကမ်းချက်ကို KNU ထိန်းချုပ်နယ်မြေအတွင်း လာရောက် သတင်းယူသူများ အတွက် ထုတ်ဝေခဲ့သေးသည်။

တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော သတင်းင်ဆက်မှုဖြစ်စေရန် သတင်းထုတ်ပြန်ခြင်းနှင့် ပတ်သက်၍ လိုက်နာရန် လမ်းညွှန်ကို ကရင်နီဒေသ ကြားကာလ စီမံအုပ်ချုပ်ရေး ကောင်စီ (IEC) က သတင်းမီဒီယာ တာဝန်ကို ဧပြီ ၁၆ ရက်နေ့တွင် ပထမဆုံးထုတ်ပြန်ခဲ့သည်။ ဧပြီ ၂၁ ရက်နေ့တွင် ကရင် အမျိုးသားအစည်းအရုံး ၏ လူထုဆက်ဆံရေးနှင့် သတင်းအချက်အလက် ကော်မတီသည် မီဒီယာများအတွက် သတင်းထုတ်ပြန်ခြင်းနှင့် ပတ်သတ်၍ လိုက်နာရန် လမ်းညွှန်ချက်ကို ထုတ်ပြန်ခဲ့သည်။ အလားတူပင် ကရင်အမျိုးသားအစည်းအရုံး သည် ပိုမို တင်းကြပ်သော စည်းကမ်းချက်ကို KNU ထိန်းချုပ်နယ်မြေအတွင်း လာရောက် သတင်းယူသူများ အတွက် ထုတ်ဝေခဲ့သေးသည်။

**ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေးကောင်စီ၊ ညွှန်ကြားချက်အမှတ် ၊ (၀၈/၂၀၂၄)
၂၀၂၄ ခုနှစ် ၊ ဧပြီလ (၁၆) ရက်**

[မီဒီယာကျင့်ဝတ်ဆိုင်ရာညွှန်ကြားချက်]

ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေးကောင်စီမှ ကရင်နီပြည်သို့ ရောက်ရှိလာကြသော ပြည်တွင်းပြည်ပ သတင်းမီဒီယာများအပါအဝင် အလွတ်တန်းသတင်းထောက်များအတွက် မီဒီယာနှင့် စပ်ဆိုင်သော ကျင့်ဝတ်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်

၁။ ကရင်နီပြည်အတွင်းသို့ သတင်းရယူရန် ရောက်ရှိလာကြသည့် မည်သည့်သတင်းမီဒီယာဌာနမဆို သက်ဆိုင်ရာသတင်းဌာန၏ ထောက်ခံစာနှင့်အတူ ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေးကောင်စီသို့ အသိပေးအကြောင်းကြားရန်။
၂။ နေထိုင်ခွင့်နှင့်ပတ်သက်၍ သက်ဆိုင်ရာ ကျေးရွာ/ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် မြို့နယ် အုပ်ချုပ်ရေးများသို့ အသိပေးအကြောင်းကြားရန်။
၃။ မီဒီယာလုံခြုံရေးအတွက် သတင်းသွားရောက်ရယူလိုသည့်နေရာကို သက်ဆိုင်ရာ တပ်မှူးတပ်ဖွဲ့များ၏ ခွင့်ပြုချက်ဖြင့် သွားလာရန်။
၄။ မြေပြင်သို့ သတင်းသွားရောက်ရယူသည့်အချိန်တွင် သက်ဆိုင်ရာ သတင်းမီဒီယာများ၏ ယူနီဖောင်းကို ဝတ်ဆင်ရန်နှင့် ဝန်ထမ်းကတ်ပြသ၍ သတင်းရယူခွင့်တောင်းခံရမည်။
၅။ ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေးကောင်စီသည် သတင်းမီဒီယာကို ထိန်းချုပ်မည် မဟုတ်ကြောင်း နှင့် မည်သည့်သတင်းဌာနမဆို လွတ်လွတ်လပ်လပ် သတင်းရယူခွင့်ရှိသည်။ သို့သော် ကရင်နီပြည်၏ စစ်ဆင်ရေးကိစ္စနှင့် အုပ်ချုပ်ရေးကိစ္စကို ထိခိုက်စေသည့်လုပ်ရပ်နှင့် တော်လှန်ရေးကာလတွင် တရားမဝင် အာဏာသိမ်းစစ်ကောင်စီကို အားပေးအားမြှောက် ဖြစ်စေသည့် လုပ်ရပ်များကို တားမြစ်သည်။
၆။ တော်လှန်ရေးနယ်မြေ ဖြစ်သည့်အလျောက် မီဒီယာကျင့်ဝတ်ထက် ကျော်လွန်သည့် လုပ်ဆောင်ချက်များ ရှိခဲ့သော် သက်ဆိုင်ရာ သတင်းမီဒီယာဌာနတို့သည် ကရင်နီပြည်ကြားကာလ အုပ်ချုပ်ရေးကောင်စီမှ ခေါ်ယူပြီး စေ့စပ်ညှိနှိုင်းမှုတစ်ရပ်ကို ခံယူရမည်ဖြစ်သည်။
၇။ ကရင်နီပြည်အတွင်းရှိ လူမျိုးစု၊ မျိုးနွယ်စုများ၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို လေးစားလိုက်နာရန်
၈။ ကရင်နီပြည်အတွင်းသို့ ရောက်ရှိလာကြသော ပြည်တွင်းပြည်ပမှ သတင်းထောက်များအပါအဝင်။ အလွတ်တန်းသတင်းထောက်များသည် ဤမီဒီယာကျင့်ဝတ်ဆိုင်ရာ ညွှန်ကြားချက်များကို လေးစား လိုက်နာခြင်း မရှိပါက သတင်းရယူခွင့်ကို ပိတ်ပင်တားမြစ်သွားမည် ဖြစ်ကြောင်း ထုတ်ပြန် လိုက်သည်။

**ပြင်ပ သတင်းမီဒီယာများ သတင်းရယူခြင်း နှင့်ပါတ်သက်၍ အသိပေးကြေငြာချက်**
**ဧပြီလ(၂၁)ရက်၊ ၂၀၂၄ ခုနှစ်၊ ကေအဲန်ယူ-ဗဟို**

**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းဆိုင်ရာ ပေါ်လစီမူဝါဒများ၊ ကျင့်ဝတ်စည်းကမ်းများ**

**အခန်း ၁၂ ပြင်ပသတင်းဌာနများ လုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်းများ**

**(က) သတင်းယူခွင့် ခွင့်ပြုချက်တောင်းခံခြင်း**
၁။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ထိန်းချုပ်နယ်မြေအတွင်းသို့ သတင်း လာရောက်ယူမည့် ပြင်ပသတင်းဌာနများသည် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ဗဟိုဌာနချုပ်တွင် ကြိုတင် ခွင့်ပြုချက်တောင်းခံရမည်။
၂။ ကြိုတင်ခွင့်ပြုချက်တောင်းခံရာတွင် သတင်းဌာနအမည်၊ သတင်းထောက်ကဒ်၊ သတင်းသွားယူမည့် နေရာ၊ သတင်းရယူမည့် အကြောင်းအရာ တို့ကိုပါ ပူးတွဲတင်ပြရမည်။
**(ခ) ပြင်ပသတင်းဌာနများ လိုက်နာရမည့် စည်းကမ်းချက်များ**
၁။ ကေအဲန်ယူနှင့်သက်ဆိုင်သောသတင်းများကို မေးမြန်းခြင်း၊ ရေးသားဖော်ပြခြင်း၊ မှတ်တမ်းတင် ရိုက်ကူး ခြင်းတို့ ပြုလုပ်ရာတွင် ခိုင်လုံမှုရှိသော သတင်းအချက်အလက်များ၊ ပြောရေးဆိုခွင့်ရှိသူများ ၏ ဖြေကြား ချက်များကို အခြေခံပြီး ရေးသား တင်ပြရမည်။
၂။ ကေအဲန်ယူနှင့်သက်ဆိုင်သော သတင်းအချက်အလက်၊ ဓါတ်ပုံများနှင့် ရုပ်သံများကို အကြောင်းအရာနှင့် မသက်ဆိုင်သော (သို့မဟုတ်) ပြည်သူလူထုကို ထင်ယောင်ထင်မှား ဖြစ်စေသော သတင်းများတွင် ဖော်ပြ ခြင်း မပြုရ။
၃။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး(ဗဟို) ၏ ခွင့်ပြုချက်ဖြင့် သတင်းယူခွင့်ရသည့် ပြင်ပ သတင်း ဌာနများသည် ခွင့်ပြုချက်တွင်ပါရှိသည့် သတင်းယူခွင့်ရှိသည့် အကြောင်းအရာအတိုင်း၊ ခွင့်ပြုနေရာ အတွင်း၊ ခွင့်ပြုချိန်ကာလအတွင်းသာ သတင်းယူခွင့်ရှိသည်။
၄။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏(ဗဟို၊ခရိုင်၊မြို့နယ်၊ကျေးရွာ) အဆင့်ဆင့်တို့မှ လုံခြုံရေး အရ သတ်မှတ်ထားသော နေရာများဖြစ်စေ၊ ရိုက်ကူးခွင့်ပိတ်ပင်ထားသော နေရာများဖြစ်စေ၊ ခွင့်ပြုချက် တောင်းခံထားမှုတွင် မပါဝင်သောအကြောင်းအရာများတို့ကို ရိုက်ကူးခွင့်မပြုပါ။
၅။ အဖွဲ့အစည်း ၏ လုံခြုံရေး၊ ဂုဏ်သိက္ခာ နှင့် ပုံရိပ်ကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေမည့် ပြုမူလုပ်ဆောင် ချက်များကို ရှောင်ကြဉ်ရမည်။
၆။ လိုအပ်ပါက ရိုက်ကူးထားသည့် ရုပ်သံများဖြစ်စေ၊ ဓါတ်ပုံများဖြစ်စေ တာဝန်ရှိသူများမှ စစ်ဆေးရန် တောင်းခံလာပါက ရိုက်ယူထားသည်များကို ပြသပေးရမည်။
၇။ ကေအဲန်ယူအဖွဲ့အစည်းက ထုတ်ပြန်သောသတင်းအချက်အလက်များ၊ ဓါတ်ပုံများနှင့် ရုပ်သံများကို ပြန်လည်အသုံးပြုလိုပါက ကေအဲန်ယူတွင် ခွင့်ပြုချက်တောင်းခံရမည်။ Credit ပေးရမည်။
**(ဂ) ပြင်ပသတင်းဌာနများအတွက် အရေးယူဆောင်ရွက်ခြင်း**
၁။ သတင်းအမှားများအတွက် အမှားပြင်ဆင်ချက်ဖေါ်ပြပေးရန်နှင့် တောင်းပန်ရန်။
၂။ ပြင်ပ သတင်းမီဒီယာများ လိုက်နာရန်အတွက် ဖော်ပြထားသော လိုက်နာရန်စည်းကမ်းများ ဖောက်ဖျက် ကျူးလွန်ခြင်းများ ရှိလာပါက ရေးသားဖေါ်ပြသူ သတင်းထောက်များ၊ သတင်းဌာနများအား ကေအဲန်ယူမှ Black List လုပ်ခြင်း၊ သတင်းမီဒီယာကောင်စီ သို့တိုင်ကြားခြင်း ဆောင်ရွက် သွားမည်။
**(ဃ) ခွင့်ပြုချက်တောင်းခံခြင်းပုံစံ**
- ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ သတ်မှတ်နယ်မြေ အတွင်းသတင်းယူခွင့် ခွင့်ပြုချက် တောင်းခံရာတွင် ဖေါ်ပြရမည့်အရာများ။

**(D) Permission Request Form**

The information to fill in permission request form for collecting information in the permitted areas

1. News Content - ........................................................................
2. Name, Journalist's ID - ........................................................................
3. Phone Number, Email -........................................................................
4. Name of News Agency -........................................................................
5. Address of News Agency -........................................................................
6. Proposed areas for collecting information- ........................................................................
7. Duration - From.................................. To ..........................................

အနှစ်ချုပ်ပြောရလျှင် KNU မှ ၎င်းတို့ ခွင့်ပြုချက်အောက်ရှိ သတင်းသမားများနှင့် သတင်းအဖွဲ့အစည်းများ လိုက်နာရန် လမ်းညွှန်ချက်များ၊ အထူးသဖြင့် တိကျသော သတင်းအချက်အလက်၊ နေရာနှင့် အချိန်တို့ဖြင့် ပတ်သက်၍ အလေးပေးထားသည်။ သတင်းဌာနတွေ အနေဖြင့် ယုံကြည်ရသော သတင်းအချက်အလက်နှင့် တရားဝင် ထုတ်ပြန်ခြင်းတို့ အပေါ် အခြေခံရမည် ဆိုသည်။ ကန့်သတ်နယ်မြေများတွင် လုံခြုံရေးအတွက် အသံဖမ်းခြင်းကို တားမြစ်ထားပြီး ဗီဒီယို မရိုက်ကူးရ နေရာတွေလည်း သတ်မှတ်ထားသည်။ သတင်းဌာနများမှ သံသယဖြစ်ဖွယ် အထင်အမြင်လွဲမှားစေသည့် ဦးတည်ချက် အမှားများဖြစ်စေသော သတင်းအချက်အလက်များ သို့မဟုတ် အသိအမှတ်ပြု ခွင့်ပြုချက်ချပေးထားသော သတင်းအချက်အလက်မှ သွေဖယ်သော သတင်းများ တင်ပြခြင်းနှင့် အသံဖမ်းထားသည်များ တင်ပြဖို့လိုခြင်း၊ ရိုက်ကူးထားသော ဗီဒီယိုများပြသဖို့လိုခြင်း၊ တာဝန်ရှိသူ၊ ဖြေကြားသူကို ထုတ်ဖော်ပြရန်လိုသည့် သတင်းများကိုလဲ တားမြစ်ထားသည်။

တခြားတိုင်းရင်းသားအင်အားစုများ ထိန်းချုပ်ရာ ဒေသများတွင်လည်း သတင်းယူလိုသော သတင်းသမားများအတွက် လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ပေးထားသည်။ ဥပမာ– ရခိုင်ပြည်နယ်အတွင်း သတင်းယူလိုသည့် သတင်းသမားများအနေဖြင့် မြေပြင်သတင်းအချက်အလက်ရရှိရန် ရခိုင်အမျိုးသား အဖွဲ့ချုပ်/အာရက္ခတပ်တော် (ULA/AA) ထံတွင် ခွင့်ပြုချက်တင်ရသည်ဟု နယ်ခံသတင်းရင်းမြစ်များက အတည်ပြုပါသည်။ သူတို့၏ သက်သေခံကတ်ပြားများကိုလည်း ULA/AA အာဏာပိုင်များကိုလည်း သတင်းသမားများ ပြကြရပါသည်။

IEC နှင့် KNU တို့မှ သူတို့၏ လမ်းညွှန်ချက်တွေကို ပြဋ္ဌာန်းပြီးသောအခါ Independent Myanmar Journalists Association (IMJA) and Independent Press Council Myanmar (IPCM) သတင်းမီဒီယာ နှစ်ဖွဲ့မှ ဒီထုတ်ပြန်ချက်တွေက သတင်းသမားတို့၏ လုံခြုံရေးနှင့် လွတ်လပ်ခွင့်ကို သိသိသာသာ ခြိမ်းခြောက်မှု ဖြစ်စေသည်ဟု သူတို့၏ စိုးရိမ်မှုကိုထုတ်ဖော်ကြသည်။

"သတင်းသမားများ ဘေးကင်းလုံခြုံရေးနှင့် တာဝန်ယူမှု/ တာဝန်ခံမှုရှိရေးအတွက် စည်းမျဉ်းများ လိုအပ်သည်မှန်သော်လည်း ထိုလမ်းညွှန်ချက်များသည် သတင်းမီဒီယာလွတ်လပ်ခွင့်နှင့် သတင်းသမားများ၏ ဘေးကင်းမှုများကို ခြိမ်းခြောက်မှုများရှိနေသည့်အပေါ် စိုးရိမ်ကြောင့်ကျမှုတို့ ရှိနေကြပါသည်။" ဟု IPCM သတင်းထုတ်ပြန်ချက်တခုက ဆိုပါသည်။ IPCM ဥက္ကဋ္ဌ နန်းဖောင်ဂေက "အခုလိုကန့်သတ်ချက်တွေကြောင့် သတင်းအချက်အလက်စီးဆင်းမှုများနှောင့်နှေးသွားနိုင်တယ်" လို့ DVB ကိုပြောကြားခဲ့ပါသည်။

KNU တာဝန်ရှိသူမှ သတင်းထောက်များ သူတို့နယ်မြေတွင်းရှိစဉ် သူတို့၏ တာဝန်ဖြစ်သောကြောင့် မူဝါဒအသစ်က လိုအပ်ကြောင်းပြောကြားသည်။ "သတင်းဌာနတိုင်းက သူတို့ရဲ့ အဖွဲ့ အစည်းတွေရဲ့ သတ်မှတ်ထားတဲ့ စံနှင့် ကျင့်ဝတ်ကိုသေချာလိုက်နာဖို့လိုအပ်ပါတယ်။ ဒီကြေညာချက်တွေကို လိုအပ်ချက်အရ ကျွန်တော်တို့ ထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ လုံခြုံရေးကို ဦးစားပေးရပါမယ်။" ဟု KNU ပြောရေးဆိုခွင့်ရှိသာ ပဒိုစောတောနီးမှ ပြောကြားခဲ့သည်ကို DVB မှ ဖော်ပြခဲ့သည်။

> " ကရင်နီပြည်အတွင်း သတင်းရယူတင်ဆက်နေသည့် သတင်းထောက်များ၏ ဘေးကင်းရေးနှင့် တာဝန်ယူ တာဝန်ခံမှု ရှိစေရေးအတွက် စည်းမျဉ်းစည်းကမ်းများ လိုအပ်မည်ဟု မူအားဖြင့် လက်ခံနိုင်သော်လည်း ယခု ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်တွင် ဖော်ပြထားသော ပြဋ္ဌာန်းချက်များမှာမူ သတင်းသမားများ၏ လုံခြုံမှုနှင့် လွတ်လပ်မှုအတွက် သိသာထင်ရှားစွာ ခြိမ်းခြောက်နေသည်ဟု ယုံကြည်သည်"
>
> IMJA က ဆိုပါသည်။
>
> IMJA အနေဖြင့်လည်း ကရင်နီပြည်နယ် အုပ်ချုပ်ရေးကောင်စီ၏ မီဒီယာကျင့်ဝတ်ဆိုင်ရာမူဝါဒများနှင့် ပတ်သတ်ပြီး အိတ်ဖွင့်ပေးစာတစောင် ထုတ်ပြန်ခဲ့သည်။

သတင်းသမားများအနေနှင့် သူတို့၏ ထိန်းချုပ်နယ်မြများအတွင်း သတင်းစုဆောင်း မတင်ဆက်ခင် IEC နှင့် KNU ထံတွင် ခွင့်ပြုချက်တောင်းခံရခြင်းသည် စိုးရိမ်ဖွယ်ရာဖြစ်သည်။ IEC နှင့် KNU ၏ ပြဋ္ဌာန်းချက်များသည် ကျင့်ဝတ်ဆိုင်ရာ လိုအပ်ချက်ကို လွဲမှားစွာ ဘာသာပြန်မှုဖြစ်နိုင်ပါသည်။ သတင်းသမားများ မြေပြင်တွင် သတင်းတင်ဆက်သည့်အခါ ယူနီဖောင်းဝတ်ရမည်ဆိုသော လိုအပ်ချက်သည် လုံခြုံရေးအရ စိုးရိမ်ပူပန်စရာပိုမိုဖြစ်စေသည်။ ပဋိပက္ခပြင်းထန်နေသော ဒေသများတွင် သတင်းသမားများ၏ သိသာမြင်သာသော အခြေအနေသည် အကြမ်းဖက်ခံရမှု၊ ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခံရရန် ပစ်မှတ်ဖြစ်လာနိုင်သည်။

သတင်းသမားအများစုအတွက် ဤကန့်သတ်ချက်တွေဟာ မြန်မာနိုင်ငံ၏ စစ်အုပ်ချုပ်ရေးအောက်တွင် ကြာအတန်ကြာ တည်ရှိခဲ့သော သတင်းမီဒီယာ ထိန်းချုပ်ခံရမှု အလေ့အထများကို ထင်ဟပ်စေသည်။

> Myanmar Pressphoto Agency နှင့် အင်တာဗျူးတွင် IMJA ဥက္ကဋ္ဌ ဦးကျော်ကျော်မင်းက ထောက်ပြသည်မှာ
>
> “ဒီထုတ်ပြန်ချက်က IEC ထက်ပိုပြီးအခြေနေဆိုးတယ်။ သတင်းလွတ်လပ်ခွင့်ကို လုံးဝလုံးဝ ထိန်းချုပ်လိုက်တာပေါ့နော်။ သူတို့ အလိုကျတဲ့ သတင်းတွေကိုပဲရေးရမယ်ဆိုတဲ့ဟာတွေကိုမြင်ရတယ်။” ဟုဖြစ်သည်။

“စိုးရိမ်မိတာက ဒီအခြေအနေတွေ ပိုဆိုးလာမှာကို စိုးတာပါ။ ဆိုပါတော့ သတင်းသမားတွေကို ခွင့်မပြုတော့တာမျိုး။” ဟု ဒေသခံ မြန်မာ အယ်ဒီတာက ပြောကြားခဲ့သည်။ သို့သော် သက်သေခံကတ်ပြားများ(ID) ပြခြင်းသည် ဝင်ထွက်ခွင့်အတွက် အကူအညီ အထောက်အပံ့ဖြစ်တယ်လို့ ဆိုပြတယ်။ ကျွန်တော်ထင်တာတော့ စစ်တပ်ထိန်းချုပ်ထားတဲ့ နယ်မြေတွေကို ဖြတ်သွားရတဲ့ သူတွေအတွက် အခက်အခဲနဲ့ ဝန်ပိုစေနိုင်ပါတယ်။ ဒါပေမယ့် ဒေသတွင်း သတင်းထောက်တွေနဲ့ သတင်းဌာနတွေအတွက်တော့ သက်သေခံ ကဒ်ပြားနဲ့ အလုပ်လုပ်ရတာက ပိုအဆင်ပြေစေပါတယ်။ ဘာကြောင့်လဲဆိုရင် တချို့နေရာတွေမှာ သက်ဆိုင်ရာ တာဝန်ရှိသူက စစ်ဆေးတဲ့အခါ ကဒ်ပြား ပြရုံဖြင့် ကျွန်တော်တို့ရဲ့ အလုပ်တွေ ချောချောမွေ့မွေ့ လုပ်နိုင်လာပါတယ်။” လို့ ရှင်းပြခဲ့သည်။ (အမေးအဖြေ အပြည့်အစုံကို အောက်က ‘သဘောထားများ’ အပိုင်းတွင် ဖတ်ရှုနိုင်ပါသည်။)

ထိုအပြင် IEC ၏ စည်းမျဉ်းချိုးဖောက်မှုများကို ကိုင်တွယ်ရာတွင် IEC ၏ လမ်းညွှန်ချက် (၄) နှင့် (၅) တွင် သတင်းအချက်အလက်ရရှိမှုများကို ပိတ်ပင်တားမြစ်ခြင်းသည် လွတ်လပ်စွာ သတင်းရယူပိုင်ခွင့်နှင့် ပတ်သတ်၍ အကြီးအကျယ် မေးခွန်းထုတ်စရာဖြစ်လာသည်။ ကျင့်ဝတ်ဆိုင်ရာ အပြောင်းပွားမှုများကို အုပ်ချုပ်ရေးအဖွဲ့၏ တကိုယ်ရည်ဆုံးဖြတ်ချက်များထက် မီဒီယာကျွမ်းကျင်သူများနှင့် သတင်းအုပ်စုများနှင့် ညှိနှိုင်းတိုင်ပင်၍ ဖြေရှင်းသင့်ပါသည်။

ထိုကဲ့သို့ ပူပင်မှုများရှိနေချိန်တွင် တိုင်းရင်းသားအုပ်ချုပ်ရေးအဖွဲ့များနှင့် သတင်းမီဒီယာ ကျွမ်းကျင်ပညာရှိ/သတင်းသမားများနှင့် အဓိပ္ပာယ်ပြည့်ဝသော ဆွေးနွေးပြောဆိုမှုများပြုလုပ်ရန် အကြံပြုပါသည်။ အပြောင်းပွားဖွယ် ပြဋ္ဌာန်းချက်များကို ပြန်လှန်ဆန်းစစ်ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်းများပြုလုပ်ပေးခြင်းသည် သတင်းသမားများ၏ စိုးရိမ်ပူပန်မှုများကို လျော့ပါးစေမည်။ IPCM နှင့် IMJA မီးမောင်းထိုးခဲ့သကဲ့သို့ သတင်းသမားများ၏ဘဝနှင့် သူတို့၏ လုံခြုံရေးကို အကာအကွယ်ပေးနိုင်ရန် တစိုက်မတ်မတ်လုပ်ကိုင်မည့် အဖွင့်အစည်းများ အရေးပေါ် လိုအပ်နေပြီဖြစ်ပါသည်။

IEC ၏ ဒုတိယ အတွင်းရေးမှူး ဦးဗညားက သူ့အနေနှင့် မီဒီယာအဖွဲ့တွေကို တွေ့ဖို့အဆင်သင့်ပါပဲလို့ ပြောကြားခဲ့သည်။ Kantarawaddy Times နှင့် အင်တာဗျူးတွင်

> **အခု IEC မှ ထုတ်ပြန်သော သတင်းမီဒီယာနှင့် သက်ဆိုင်သည့် ကြေညာချက်နှင့် ပတ်သက်၍ စိုးရိမ်မှုများရှိကြသည်ကို ကျွန်တော်တို့ နားလည်ပါတယ်။ဒါနဲ့ ပတ်သက်ပြီး နည်းမျိုးစုံနဲ့ ဝေဖန်တိုက်ခိုက်တာတွေ ခံရပါတယ်။ ဒီဝေဖန်မှုတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ဘာမှ ပြောစရာရှိမနေပါဘူး။ တချိန်တည်းမှာပဲ ကျွန်တော်တို့ သက်ဆိုင်ရာ သတင်းအဖွဲ့အစည်း ဒါမှမဟုတ် သတင်းမီဒီယာ ကောင်စီတို့နှင့် အကောင်းဆုံး အဖြေဖော်ဆောင်နိုင်ရန်အလို့ငှာ တွေ့ဆုံဖို့ အဆင်သင့်ပါပဲ”** ဟုလည်း ဖြေကြားခဲ့သည်။

သတင်းမီဒီယာ လွတ်လပ်ရေးနေ့ မေလ ၃ ရက်နေ့တွင် IEC ပြောရေးဆိုခွင့်ရှိသူက

> **ကျနော်တို့ တချို့အသုံးအနှုန်းမှာ အားနည်းချက်ရှိတယ်ဆိုတာ ကျနော်တို့ နားလည်ထားတယ်။ ဒါပေမယ့် ဒီဟာကို ကျနော်တို့ ဒီစနစ်တကျပေါ့ ကျနော်တို့နဲ့အတူ ဒီပြဿနာကို ဘယ်လိုဖြေရှင်းကြမလဲ၊ ဒီဟာ ဘယ်လို ကျော်လွှားကြမလဲဆိုတဲ့ စဉ်းစားချက်ရှိတယ်နော် ကျနော်တို့က မီဒီယာရဲ့ တဖွဲ့ချင်းဖြစ်စေ၊ ဒါမှမဟုတ် ဒီ သတင်းမီဒီယာကောင်စီ တဖွဲ့ချင်း တစုချင်းစီဖြစ်စေပေါ့ ကျနော်တို့ တွေ့ဖို့အတွက် အဆင်သင့်ဖြစ်တယ်”** လို့ ပြောကြားခဲ့ပါတယ်။

ဒီအပိုင်းအတွက် KNU မှ ပြောကြားချက်ကတော့

**“သတင်းစီးဆင်းမှု ပိုပြီး စနစ်ကျဖို့ ရည်ရွယ်သလို သတင်းဌာနကနေ တဆင့် ပြည်သူတွေကို ကျနော်တို့ ပေးချင်တဲ့သတင်းစကားက ပိုပြီးတော့ နားလည်မှုနဲ့ အားကောင်းလာဖို့အတွက်လည်း ကျနော်တို့ ရည်ရွယ်တာ ဖြစ်ပါတယ်။ ကျနော်တို့က သတင်းမီဒီယာလွတ်လပ်ခွင့် ပိတ်ပင်တာ မဟုတ်သလို ခုနက ပြောသလိုပဲ မှန်ကန်တဲ့သတင်းအချက်တွေကို ပြည်သူတွေဆီ ချပြဖို့ဆိုတာ စနစ်ကျနဖို့လိုတယ် ဆိုတာကို ပြောချင်ပါတယ်”** ဟူ၍ ဖြစ်သည်။

သူတို့၏ မီဒီယာလမ်းညွှန်ချက်များအတွက်အားနည်းချက်များရှိသည်ကို IEC နှင့် KNU ၏ အသိအမှတ်ပြုမှုသည် ထိုမီဒီယာ မူဝါဒများကို မွမ်းမံမှုများပြုလုပ်ရန် ပူးပေါင်းလုပ်ဆောင်နိုင်သည့်အချက်ကို ဖော်ပြသည်။ သို့မှသာ သတင်းသမားများ၏ ဘေးကင်းရေးနှင့် သတင်းလွတ်လပ်ခွင့်မှုကို ဟန်ချက်ညီစေနိုင်မည်ဖြစ်သည်။

## ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့

ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့တွင် IPCM သည် ပြည့်စုံသော ကျင့်ဝတ်စည်းမျဉ်းများ ပထမမူကြမ်းကို (အမှီအခိုကင်း) ဘက်မလိုက်သော မြန်မာသတင်းသမားများအတွက် စတင် မိတ်ဆက်ထုတ်ဝေခဲ့သည်။ နောက်ပိုင်းတွင် အကျယ်တဝင့် ဆက်ဆွေးနွေးရမည့် အချက်သည်ကောင်စီမှ မြန်မာ့သတင်းရပ်ဝန်းကို အားပေးခဲ့သော “မိမိဘာသာထိန်းညှိမှု” ဟုခေါ်သော ချဉ်းကပ်မှုဖြစ်သည်။ “ကျွန်မတို့အနေနဲ့ မီဒီယာနှင့် သတင်းသမားများအနေနှင့် တိုင်းပြည်၏ စစ်ရေးပဋိပက္ခကို သတင်းတင်ဆက်နေချိန်မှာ ပရော်ဖက်ရှင်နယ်ပီသဖို့ လိုပါတယ်”လို့ IPCM ဥက္ကဋ္ဌ နော်ဖောဂေကာ ချင်းမိုင်မြို့မှာ ပြောကြားခဲ့ပါသည်။ “ဒါကို လုပ်ဆောင်နိုင်ဖို့ အတွက်ဆိုရင် သူတို့ အနေနဲ့ ဘေးကင်းလုံခြုံဖို့နဲ့ စိတ်ချရတဲ့ သတင်းအချက်အလက်ရဖို့လိုပါတယ်။” လို့ သူက ထပ်လောင်းပြောကြခဲ့ပါသည်။

ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့တွင် အမျိုးသားညီညွတ်ရေးအစိုးရ(NUG) သည် စာနယ်ဇင်းလွတ်လပ်ခွင့်ကို တားဆီးချုပ်ချယ်သော မည်သည့်လုပ်ရပ်ကိုမဆို ရှုတ်ချကြောင်း အခိုင်အမာ ထပ်မံပြောကြားခဲ့ပါသည်။ ကျန်းမာသန်စွမ်းသော ဒီမိုကရေစီနှင့် လူထု၏ အသိပညာကျယ်ဝစေရေးအတွက် အတားအဆီးကင်းသော သတင်းအချက်အလက်ရရှိရန် အလွန်အရေးပါကြောင်း ပြောကာ ပြည်သူလူထု သတင်းအချက်အလက် ရရှိမှုကို ဆက်လက်ထိန်းသိမ်းရန် စာနယ်ဇင်းလွတ်လပ်ခွင့်ရေး၏ မရှိမဖြစ် အရေးပါမှုကို NUG ၏ ကြေညာချက်တွင် အလေးအနက်ပြုပြောကြားထားသည်။

## ဘင်္ဂလားဒေ့ရှ်နှင့် ထိုင်းနိုင်ငံရောက် သတင်းသမားများ၏ အခက်အခဲများ

လွန်ခဲ့သည့် လအနည်းငယ်ခန့်က ရခိုင်ပြည်နယ်အတွင်းတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြစ်ရပ်များကြောင့် အိမ်နီးချင်းနိုင်ငံတခုဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တိမ်းရှောင်ထွက်ပြေးခဲ့ရသည့် သတင်းသမားများ၏ အသက်အန္တရာယ်နှင့် လုံခြုံရေးဆိုင်ရာ အခက်အခဲစိန်ခေါ်မှုများမှာလည်း စိုးရိမ်ဖွယ်ရာအခြေအနေသို့ ရောက်ရှိနေသည်။

ယုံကြည်ရတဲ့ သတင်းအရင်းအမြစ်ဆီကနေ သိရတာက ၂၀၂၄ အစောပိုင်းတည်းက ဘင်္ဂလားဒေ့ရှ်ကို ရောက်နေတဲ့ ရခိုင် သတင်းသမား ၂ ဦးကို ဘင်္ဂလားဒေ့ရှ် အစိုးရ တာဝန်ရှိသူတွေက လုံခြုံရေး စစ်ဆေးမှုတွေ၊ သက်သေခံ ကဒ်ပြားနဲ့ ထောက်ခံစာတွေ တောင်းဆိုတာတွေ ရှိတယ်လို့ သိရပါသည်။ ဒီလို အကြိမ်ကြိမ် စစ်ဆေးခံရတာက တောင်းဆိုတဲ့ လိုအပ်တဲ့ စာရွက်စာတမ်းတွေ မရှိတတ်တာများတဲ့ ပြည်ပရောက် သတင်းသမားတွေအတွက် တကယ့်ကို ကျဉ်းထဲကြပ်ထဲ အခြေအနေပါပဲ။ ဒီအခြေအနေနဲ့ ဘင်္ဂလားဒေ့ရှ်မှာ နေထိုင်ဖို့ စာရွက်စာတမ်း မပြနိုင်ခြင်းက သူတို့ရဲ့ နေထိုင် ရပ်တည်ခွင့်၊ အလုပ်လုပ်ခွင့်ကို ပိတ်လှောင်ထားသလိုပါပဲ။ မေ ၂၀၂၄ မှာ ဘင်္ဂလားဒေ့ရှ် တာဝန်ရှိသူတွေက သတင်းသမားတွေ အလုပ်လုပ်တဲ့နေရာကို ဝင်ရောက်စီးနင်းပြီး ရက်အနည်းငယ်ကြာ ထိန်းသိမ်းခံခဲ့ရပါတယ်။ သူတို့ကို သတင်းတင်ဆက်မှုနဲ့ Starlink အင်တာနက် သုံးစွဲမှုနဲ့ ပတ်သက်ပြီးမေးမြန်းခဲ့ကြတယ်လို့ ထို သတင်းအရင်းအမြစ်ဆီကနေပဲ သိရပါသည်။

တချိန်တည်းမှာပဲ စစ်တပ်အာဏာသိမ်းပြီးနောက်တွင် ပြင်ပမှ နိုင်ငံတကာ ထောက်ပံ့ရေး ရန်ပုံငွေ ရရှိမှု ကျဆင်းလာတာနဲ့ အညီ လုံခြုံရေး၊ အလုပ် ရရှိရေးနှင့် ဝင်ငွေ အခက်အခဲများ ရင်ဆိုင်နေရကြောင်း ထိုင်းနိုင်ငံတွင်းရှိ မြန်မာ သတင်းသမားတွေထံမှ သတင်းရရှိပါသည်။

ပြည်ပရောက် သတင်းသမား အများစုမှာ မဲဆောက်နှင့် ချင်းမိုင်တို့တွင် အခြေချနေထိုင်နေကြသည်။ [ဖေဖော်ဝါရီ ၂၀၂၄ မှတ်တမ်း]အရ ခု စစ်တမ်းတွင် ပြည်ပရောက်ရှိနေသော အမျိုးသမီး သတင်းသမား ၇၉ ဦး ပါဝင်သည်။ Exile Hub ၏ တွေ့ရှိချက်အရ ပြည်ပရောက်အမျိုးသမီးသတင်းသမားများ၏ ၈၄.၈ % သည် ၂၀၂၁ စစ်တပ်အာဏာသိမ်းမှုနောက်တွင် လုံခြုံရေးစိုးရိမ်ပူပန်မှုများကြောင့် ပြည်ပကိုထွက်ခွာခဲ့ရသည်။

ပြင်ပမှ နိုင်ငံတကာ ထောက်ပံ့ရေး ရန်ပုံငွေ ရရှိမှု ကျဆင်းလာခြင်းနှင့် ဈေးကွက်မှ ဝင်ငွေရရှိရန် ခက်ခဲမှု အခြေအနေတွင် ပြည်ပရောက် မီဒီယာလုပ်ငန်းကြီးတချို့ပင် ၎င်းတို့၏ အကြီးတန်း စီမံအုပ်ချုပ်ရေးဝန်ထမ်း အများအပါအဝင် ဝန်ထမ်းများ၏ လစာကို ၂၀ % ထိ ဖြတ်တောက်လျှော့ချခြင်းများကို အခြေအနေအရ လုပ်ဆောင်ခဲ့ကြရသည်။ ဤအခြေနေများသည် သူတို့၏ မိသားစုများကို ထောက်ပံ့ရန် ရှုန်းကန်နေရသော သတင်းသမားများ တပူပေါ် တပူဆင့်စေသည်။ စီးပွားရေး အကြပ်အတည်း၊ ဝင်ငွေရရှိရန် မသေချာမှုသည် သတင်းသမားတချို့ကို အန္တရာယ်ကြားမှပင် မြန်မာနိုင်ငံသို့လှည့်ပြန်ရန်အတွက် ထည့်သွင်းစဉ်းစားခဲ့ရသည် အထိ ရှိခဲ့သည်။

သတင်းသမားတွေ ပြောကြားမှုအရ ၂၀၂၃ တလျှောက်လုံး မဲဆောက်တွင် နေထိုင်စားရိတ် မြင့်တက်လာသည်ကို သိရသည်။ မြန်မာနိုင်ငံသား အလုံးအရင်းနှင့် ထိုင်းနယ်စပ်ဖြတ်ကျော်ပြောင်းရွှေ့လာမှုကြောင့် အိမ်ယာလိုအပ်ချက် မြင့်တက်လာမှုကြောင့်လည်း ဖြစ်သည်။ စစ်ကောင်စီ၏ စစ်မှုထမ်း ဥပဒေ ကြေညာပြီး ဖေဖော်ဝါရီလတွင် ရောက်ရှိနှုန်း ပိုမြင့်တက်လာသည်။

ပြည်ပရောက် မြန်မာသတင်း သမားများ၏ ဘဝသည် အထောက်အထား စာရွက်စာတမ်းများ အတွက်သာမက တရားမဝင်ရောက်ရှိလာသည့် ၎င်းတို့၏ အခြေအနေကို သတင်းပေးတိုင်ကြားမှုများကြောင့် လုံခြုံရေး အတွက် ပူပန်နေရသည်။ ၎င်းတို့က အသိုင်းအဝိုင်းထဲမှ ပုဂ္ဂိုလ်ရေးအရ ခင်မင်ရင်းနှီးမှုရှိသူ၊ ကိုယ်ရေး အချက်အလက်သိနေသူ၊ အလုပ်လုပ်ကိုင်လျက်ရှိသည့် သတင်းဌာနကို သိနေသူ စစ်ကောင်စီနှင့် ဆက်စပ်နေသော အဖွဲ့များနှင့် အဆက်အသွယ်ရှိသည်ဟု သိရသည့်အခါ အလွယ်တကူ ဒုက္ခရောက်နိုင်သည်ဟု ခံစားရစေသည်။ ဤကဲ့သို့ လုံခြုံရေး အန္တရာယ်ရှိသည့် အခြေအနေများကြောင့် စစ်တပ်ဆန့်ကျင်သော အသိုင်းအဝိုင်းတွင် လုံခြုံရေးအတွက်စိုးရိမ်ပူပန်မှု မြင့်တက်လျက်ရှိသည်။

## သဘောထားများ

**"ကျွန်တော်တို့ လွတ်လပ်စွာ သတင်း ရယူလို့ ရပါတယ်။" ဒါပေမယ့် စိုးရိမ်စရာတွေကရှိနေပါတယ်။**
အောက်ဖော်ပြပါ မေးမြန်းဆွေးနွေးချက်များသည် IEC ၏ သတင်းသမားများအတွက် လမ်းညွှန်ချက် ထုတ်ပြန်ပြီးနောက် ကရင်နီဒေသတွင်း သတင်းရေးသားထုတ်ပြန်ခြင်းများနှင့်ပတ်သက်၍ တည်းဖြတ်သူတဦးနှင့် အပြန်အလှန် ပြောဆိုထားသော စကားများဖြစ်သည်။

၀၁ သတင်းမီဒီယာ လမ်းညွှန်ချက်များ မထွက်မီက ကရင်နီဒေသ သတင်းရယူရေးအခြေအနေက ဘယ်လိုရှိပါသလဲ။

ပြောရမယ်ဆိုရင် စစ်ကောင်စီ ထိန်းချုပ်ထားတဲ့ နေရာတွေနဲ့ ယှဉ်ရင် အများကြီး ပို လွတ်လွတ်လပ်လပ် သွားလာခွင့် သတင်းယူခွင့် ရတယ်။ ဒါကလဲ ကျွန်တော်တို့က ဒေသခံ သတင်းဌာနတွေ ဖြစ်လို့လဲ ပါနိုင်တယ်။ တခြား သတင်းဌာနတွေ၊ သတင်းသမားတွေရဲ့ အတွေ့အကြုံနဲ့တော့ ကွာနိုင်ပါတယ်။

၀၂ သတင်းရယူတဲ့အခါ ကရင်နီ တာဝန်ရှိသူတွေကို အကြောင်းကြားလား။ ဘယ်လိုလုပ်လဲ။

ဒေသခံ သတင်းဌာနအနေနဲ့ ကျွန်တော်တို့ သတင်းပို့ရတာ၊ မှတ်ပုံတင်နေရတာမျိုးတွေ မရှိပါဘူး။ လမ်းညွှန်ချက်တွေ ထုတ်ပြန်ပြီးနောက်တောင် ကျွန်တော်တို့ သတင်းပို့ရတာမျိုး မရှိပါဘူး။ သတင်းလွတ်လပ်စွာ ယူလို့ ရပါတယ်။ ဒေသခံ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပြီး ဝင်ရောက်လာတဲ့ အပြင်က သူတွေတောင် IEC ကို အကြောင်းကြားရတယ် မကြားမိပါဘူး။ ပြောရမယ်ဆို ကြေညာချက် မထုတ်ပြန်မီနဲ့ ထုတ်ပြန်ပြီးက သတင်းလုပ်ငန်းအပေါ် သိသာတဲ့ ကွဲပြားမှု မရှိပါဘူး။

၀၃ အပြင်ဖက်က သတင်းသမားတွေက ခွင့်တောင်းဖို့လိုတယ်လို့ရော ကြားမိသေးလား?

ဒါက နည်းနည်းတော့ ရှုပ်တယ်။ ဒါပေမယ့် သတင်းသမားတွေက ကရင်နီဒေသထဲမှာ နေဖို့ တရားဝင် ခွင့်တောင်းကြတယ်တော့ ကျွန်တော် မကြားမိသေးဘူး။

၀၄ သတင်း လုံခြုံမှုအတွက် ဒီ လမ်းညွှန်ချက်တွေကို IEC က ဘာလို့ ထုတ်ပြန်တယ် ထင်ပါသလဲ။

ဒေသခံ တပ်ရင်းရဲ့ လုံခြုံရေး အချက်အလက်တွေ ပေါက်ကြားမှုဖြစ်ပြီးနောက် ဒီလိုထုတ်ပြန်မှုတွေကို ပြုလုပ်ခဲ့ကြတာဖြစ်ပါတယ်။ သတင်းသမားယောင်ဆောက်ပြီး ဝင်ရောက်လာတာတွေ ရှိခဲ့ဖူးတယ်လို့လည်း ဒေသခံ တာဝန်ရှိသူတွေက ဆိုပါတယ်။ ဒါက အမှန်ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ မေးတာတောင် တိကျတဲ့ သေချာ ဖော်ထုတ်ထားတာ မရှိပါဘူး။ ဒါက KNDF ခေါင်းဆောင်နဲ့ သတင်းသမားတဦးတို့ အွန်လိုင်းပေါ် ဖြစ်ခဲ့တဲ့ ပဋိပက္ခရဲ့ နောက်ဆက်တွဲ ရလဒ် ဖြစ်နိုင်တယ်လို့လည်း ထင်ပါတယ်။

၀၅ သတ်မှတ် ပြဋ္ဌာန်းထားတာတွေကနေ ကြိုတင် အသိအမှတ်ပြုခံရဖို့ သတင်းသမားတွေအတွက် ဘာတွေ လိုအပ်မလဲ။

ဒါကတော့ ကျွန်တော်တို့ ကြေညာချက် မထုတ်ပြန်ခင်တည်းက ပြုလုပ်ရမှာ ဖြစ်ပါတယ်။ သတင်းမယူခင် ကရင်နီဒေသမှာ ရှိတဲ့ အဖွဲ့တွေကို သွားတွေ့ပြီး မိတ်ဆက်ထားရမှာပါ။ ဒါက ကျွန်တော်တို့ရဲ့ အန္တရာယ်ကင်းရေးနဲ့ လုံခြုံရေးအတွက်လည်း ပါ ပါတယ်။ သူတို့တွေရဲ့ အကူအညီနဲ့ ဖြတ်သွားရမယ့် နေရာတွေရဲ့ လမ်းကြောင်းအမှန်တွေ မြေပြင်အနေအထားတွေကို သိရှိနိုင်မှာလည်း ဖြစ်ပါတယ်။

၁၆ သတင်းသမားတွေက သက်သေခံကဒ်ပြားနဲ့ ၎င်းတို့သတင်းဌာနရဲ့ ဝတ်စုံ ဝတ်ရမယ်လို့ လမ်းညွှန်ချက် နံပါတ် ၄ မှာ ပါထားတာတွေ့ရတယ်။ သတင်းသမားတွေက ဒီကနေဖြစ်လာနိုင်တဲ့ လုံခြုံရေး ပြဿနာတွေ အတွက် စိုးရိမ်နေကြတယ်။ အဲဒီအပေါ် အမြင်လေး ပြောပေးပါ။

ကျွန်တော်အမြင်အရေတော့ စစ်ကောင်စီ ထိန်းချုပ်ထားတဲ့ ဒေသတွေကို ဖြတ်သွားဖို့ လိုအပ်မယ့် သူတွေ အတွက်တော့ အခက်အခဲနဲ့ ဝန်ထုပ်ဝန်ပိုး ဖြစ်နိုင်တယ်။ ဒါပေမယ့် ဒေသခံ သတင်းသမားတွေနဲ့ သတင်း ထုတ်ပြန်ရေးတွေ အတွက်တော့ သက်သေခံကဒ်ပြားနဲ့ အလုပ် လုပ်ရတာက ပိုပြီး အဆင်ပြေစေတယ်။ ဘာလို့လဲဆို တချို့နေရာတွေမှာ တာဝန်ရှိသူတွေက စစ်ဆေးတဲ့အခါ ကဒ်ပြားပြလိုက်ရင် လုပ်ငန်းကို ပို ပြီး ချောချောမွေ့မွေ့ လုပ်ဖို့ အကူအညီ ရစေတယ်။

၁၇ "တော်လှန်ရေးကာလအတွင်း ကရင်နီပြည်နယ်၏ စစ်ရေးလှုပ်ရှားမှုများ၊ အုပ်ချုပ်ရေးများကို ထိခိုက်စေသော လုပ်ဆောင်ချက်များ၊ တရားမဝင်စစ်အုပ်စုကို ထောက်ခံသော လုပ်ရပ်များကို တားဆီးပိတ်ပင်သွားမည်" ဟူသော IEC ၏ မူဝါဒက ခင်ဗျား အလုပ် အပေါ် သက်ရောက်မှု ရှိပါသလား။

ယေဘုယျအားဖြင့် ဟုတ်ပါတယ်။ သူတို့က စစ်ဆင်ရေး ထုတ်ပြန်ချက်တွေကို လုံခြုံရေးအရ နေရာ တွေ၊ ရွာနာမည်တွေ မထည့်ဖို့ ကန့်သတ်ချက်ထုတ်ထားပါတယ်။ ဒေသခံတွေကလည်း စစ်ကောင်စီ ရဲ့ လေကြောင်းရန်ကြောက်ကြလို့ သူတို့ နာမည် အမှန်တွေ မဖော်ပြဖို့ တောင်းဆို ထားကြပါတယ်။ ဒါ ကြောင့် အထူးသဖြင့် ပဋိပက္ခနှင့် စစ်ရေး သတင်းတွေမှာ ကျွန်တော်တို့ မြို့နယ်လောက်ပဲ ဖော်ပြကြရတာ ပါ။ တခါတလေ IEC က သတင်းအချက်အလက်တွေ(နေရာတွေ၊ ရွာနာမည်တွေ) ချန်လှပ်ထားဖို့ တောင်း ဆိုတာတွေ ရှိတတ်ပါတယ်။

၁၈ IEC က သူတို့ရဲ့ သတင်းမီဒီယာလိုက်နာရမယ့် ကျင့်ဝတ်ကို ဖောက်ဖျက်တာကိုတွေ့ပြီး သတင်းထုတ်ပြန်တဲ့ ဆီနဲ့ ညှိနှိုင်းဆွေးနွေးမှုတွေ လုပ်တယ်ဆိုတဲ့ ကိစ္စရော ကြားမိပါသေးလား။

ကျွန်တော်တို့ရဲ့ သတင်းထုတ်ပြန်တဲ့ဆီမှာ ဒီလို ကိစ္စမျိုးမရှိသလို၊ တခြားဆီမှာလဲ မကြားမိပါဘူး။ သတင်းသမားတွေက ဒီ လမ်းညွှန်ချက်တွေနဲ့ ကန့်သတ်မှုတွေကို မလိုက်နာဘူးဆိုရင် နောက်ဆက်တွဲ အကျိုးဆက်တွေ ခံစားရနိုင်ပါတယ်။ အဲဒါကလဲ နေရာနဲ့ ဒေသခံတွေရဲ့ စည်းမျဉ်းစည်းကမ်းတွေပေါ် မူတည်ပါမယ်။

၁၈ ကရင်နီဒေသရဲ့ သတင်းမြေပြင် အခြေအနေကို ဘယ်လိုမြင်ပါသလဲ။

စိုးရိမ်စရာကတော့ အခြေအနေက ပိုဆိုးလာနိုင်ပါတယ်။ လောလောဆယ် ပဋိပက္ခအခြေအနေအရ သတင်းသမားတွေကို ထပ်ခွင့်မပြုတော့တာ ဖြစ်နိုင်ပါတယ်။

## အစီရင်ခံစာနောက်ခံအကြောင်း

ဒီအစီရင်ခံစာသည် မြန်မာပြည်တွင်း စာနယ်ဇင်း သတင်းမီဒီယာ လွတ်လပ်ခွင့် အပေါ် စိန်ခေါ်မှုများနှင့် အန္တရာယ်များ၊ သတင်းထောက်များနှင့် သတင်းလုပ်ငန်း လုပ်နေကြသူများ၏ ဘေးကင်းလုံခြုံမှုခြေနေများ၊ ၂၀၂၁ ဖေဖော်ဝါရီ ၁ ရက် အာဏာသိမ်းမှုကတည်းက နိုင်ငံ့သတင်းနှင့် သတင်းရပ်ဝန်းခြေနေများကို နောက်ဆုံးခြေနေတင်ပြချက်ဖြစ်ပါသည်။ ဒီအစီရင်ခံစာသည် နိုင်ငံ၏ သတင်းနှင့် သတင်းရပ်ဝန်းခြေနေကို ပိုမိုနားလည်ရန် ခြေနေအရပ်ရပ်ကို မှတ်တမ်းပြုထားသော သတင်းထောက်များနှင့် မီဒီယာသမားများ၏ လက်တွေ့ ဖြစ်ပျက်များနှင့် ဆွေးနွေးမှုများကို အခြေခံကာ ခိုင်လုံသော သတင်းအချက်အလက်များကို အသုံးပြု၍ ထုတ်ဝေထားခြင်းဖြစ်ပါသည်။

## အဓိပ္ပာယ်ဖွင့်ဆိုချက်များ

- ဒီနောက်ဆုံးခြေနေ တင်ပြမှု ဖြစ်ရပ်များကို စောင့်ကြည့်စစ်ဆေးရာတွင် ဖြစ်ရပ်တခုကို ဖမ်းဆီး/ ထိန်းသိမ်းခံရမှု၊ ကွပ်မျက်ခံရမှု၊ သေဆုံးမှု၊ နှိပ်စက်ခံရမှု နှင့် အကြမ်းဖက်မှုများ၊ စောင့်ကြည့်ခံရမှုများ၊ အနှောင့်အယှက်ပေး ခြိမ်းခြောက်ခံရမှုများ စသော သတင်းထောက်များ၏ နောက်ခံခြေနေများနှင့် တိုက်ဆိုင်၍ စစ်ဆေးပါသည်။
- ဖြစ်ရပ်များတွင် သတင်းထုတ်ဝေခြင်းနှင့် ဖြန့်ဝေခြင်းများတွင် စီမံခန့်ခွဲရေးနှင့် ဆန်းသစ်တီထွင်ရေး ကူညီသူများကဲ့သို့သော လွတ်လပ်သော သတင်းခန်းများနှင့် သတင်းစီမံခန့်ခွဲခြင်းများတွက် လုပ်ငန်းလုပ်ကြသူများတွင် အလားတူကြုံတွေ့ရသော အခြေအနေများလဲ ပါဝင်ပါသည်။ ဤ နောက်ဆုံးခြေနေ တင်ပြမှု အစီရင်ခံစာများတွင် ၎င်းတို့ကို “မီဒီယာလုပ်သားများ / သတင်းမီဒီယာသမားများ”ဟု ခေါ်ဝေါ် သုံးစွဲပါသည်။
- သတင်းခန်းများနှင့် သတင်းအဖွဲ့အစည်းများ၊ website များနှင့် အွန်လိုင်းရပ်ဝန်းများ၊ လွတ်လပ်သော သတင်းထောက်များနှင့် စာနယ်ဇင်း အဖွဲ့အစည်းများ ကြုံတွေ့ရသော ဖြစ်ရပ်များလဲ ပါဝင်ပါသည်။ ထုတ်လုပ်ခွင့် လိုင်စင် ပိတ်သိမ်းခံရခြင်း၊ သတင်းခန်းများ စီးနင်းခံရခြင်းနှင့် ကွပ်မျက်ခံခြင်း၊ website များ ပိတ်သိမ်းခံရခြင်းတို့ ပါဝင်ပါသည်။
- ဒီနောက်ဆုံးခြေနေ တင်ပြမှုများတွင် သတင်းထောက် ဟူသည် သတင်းစုဆောင်းခြင်းနှင့် တင်ဆက်သူ၊ ဖြစ်ရပ်ကို ဗီဒီယို/ ဓာတ်ပုံမှတ်တမ်းယူသူ၊ အတတ်ပညာပြည့်ဝ၍ လွတ်လပ်သော သတင်းထောက်စံနှင့် နည်းလမ်းများနှင့်အညီ သတင်းတည်းဖြတ်သူ/ထုတ်ဝေသူ နှင့် သတင်းတင်ဆက်သူကို ဆိုလိုပါသည်။ သတင်းထောက်ဟုဆိုရာတွင် သတင်းမီဒီယာ အသီးသီးတွင် သတင်းခန်းတွင် အသက်မွေးဝမ်းကြောင်းအရ (ဝင်ငွေရသည်ဖြစ်စေ/ မရသည်ဖြစ်စေ) လုပ်ကိုင်နေကြသူများ ဖြစ်နိုင်ပါသည်။ သူတို့ အလုပ်, လုပ်ကြပုံများတွင် အချိန်ပြည့်ဝန်ထမ်း၊ တသီးပုဂ္ဂလ လုပ်ကိုင်သူ၊ ကော်လံစားသမား/ (ရံဖန်ခါ)ဝင်ရောက်လုပ်ကိုင်သူများ အမျိုးမျိုး ကွဲပြားနိုင်ပါသည်။
- ဤစောင့်ကြည့်စစ်ဆေးမှုတွင် ပါဝင်သူများတွင် သတင်းထောက်အဖြစ် ယခင်က လုပ်ကိုင်ခဲ့သူ (ဝါ) သတင်းအဖွဲ့အစည်းများမှ အလုပ်ထွက်သွားသူများကိုလည်း ထည့်သွင်းထားပါသည်။ ထည့်ရခြင်းအကြောင်းပြချက်နှစ်ခုရှိပါသည်။ ပထမအချက်အနေနဲ့က မြန်မာပြည်မှာ သတင်းထောက်ဖြစ်ရုံနဲ့တင် အန္တရာယ်များပါသည်။ သတင်းတင်ဆက်သော အဖွဲ့များနှင့် ပတ်သတ်ရုံနှင့်တင် ပစ်မှတ်ထားခံရခြင်း၊ အဖမ်းခံရခြင်းများ ကြုံတွေ့ရနိုင်ပါသည်။ ဒုတိယအချက်အနေနဲ့ သတင်းထောက်ဟောင်းလို့ သုံးနှုန်းမယ်ဆိုလျှင် လုံခြုံရေးဆိုင်ရာ ထည့်သွင်းစဉ်းစားပေးမှုတွေ ရနိုင်လို့ ဖြစ်ပါသည်။

- ဤနေရာတွင် သတင်းထောက်ဟု ဆိုလျှင် မြန်မာပြည်က သတင်းအဖွဲ့အစည်းများနှင့် ပုံမှန် အလုပ်,လုပ်နေသော Citizen Journalist များလဲ ပါဝင်ပါသည်။ မြန်မာပြည်ခြေနေအရ Citizen Journalist ဟူသည် ဓာတ်ပုံ၊ ဗီဒီယို၊ ဇာတ်လမ်းများစသော မပြုမပြင် သတင်းလတ်လတ်ဆတ်ဆတ် များကို ပုံမှန် သတင်းပို့ပေးနေသူများကို ဆိုလိုပါသည်။ Citizen Journalist တွေ အနေနဲ့ ဝင်ငွေ နှင့် သတင်းသင်တန်း ရချင်မှ ရပါလိမ့်မည်။ ၂၀၂၁ အာဏာသိမ်းမှုနောက်ပိုင်း သတင်းမီဒီယာ ဌာန များသည် ပရော်ဖက်ရှင်နယ် သတင်းထောက်များအနေနဲ့ သတင်းပတ်သတ်သော လုပ်ငန်းများ လုပ်ကိုင်ရန် ကန့်သတ်မှုများ၊ အခက်အခဲများ ကြုံတွေ့ရပြီးနောက် Citizen Journalist များပို့ပေး သော သတင်းအချက်အလက်များကို အသုံးပြုပြီး စတင်ခဲ့ကြရပါသည်။